# တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေကို
# ပြင်ဆင်သည့်ဥပဒေ

## နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့
## တရားရုံးချုပ် ရှေ့နေများကောင်စီ အက်ဥပဒေကို
## ပြင်ဆင်သည့် ဥပဒေ

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၂၂/၈၉)**

၁၃၅၁ ခုနှစ်၊ တော်သလင်းလဆန်း ၁ ရက်
၁၉၈၉ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၄ အရ ဖွဲ့စည်းထားသော လက်ရှိတရားရုံးချုပ်ရှေ့နေများကောင်စီကို ဖျက်သိမ်းလိုက်သည်။

၃။ တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၄ ကို အောက်ပါပုဒ်မဖြင့် အစားထိုးရမည်—

**4. The Bar Council shall be constituted as follows:—**

**(a) the Attorney-General ... Chairman**

**(b) the Deputy Attorney-General Vice-Chairman**

| | |
|---|---|
| (c) a Judge of the Supreme Court nominated by the Chief Justice | Member |
| (d) six advocates nominated by the Supreme Court | Members |
| (e) the Director - General, Supreme Court | Member |
| (f) the Director-General, Office of the Attorney-General | Secretary |

၄။ တရားရုံးချုပ်ရှေ့နေများကောင်စီ အက်ဥပဒေပုဒ်မ ၆ ကို ပယ်ဖျက်ရမည်။